BURMESE WOMEN'S UNION

# အမျိုးသမီးများဆိုင်ရာ လစဉ် သတင်းအနှစ်ချုပ်

ရက်စွဲ။ ။၁/၈/၂၀၂၁

# July 2021

ယခု သတင်းအနှစ်ချုပ်သည် မြန်မာ့အမျိုးသမီးများသမဂ္ဂ (BWU) မှ ဇူလိုင်လအတွင်း ခိုင်လုံသော သတင်းမီဒီယာများမှ ကောက်ယူထားသော အချက်အလက်ဖြစ်သည်။ BWU မှ ကောက်ယူထားသော အချက်အလက်များမှ ဇူလိုင်လအတွင်း အမျိုးသမီး (၄၄) ဦး အဖမ်းဆီးခံရပြီး အကြမ်းဖက်စစ်တပ်မှ သတ်ဖြတ်မှုကြောင့် (၈) ဦး သေဆုံးခဲ့ရကာ မိသားစုဝင်များအား ဓားစားခံအဖြစ် ဖမ်းဆီးမှု (၄)ကြိမ်ရှိခဲ့သည်။ ဤသေဆုံးသူအများစုမှာ စစ်တပ်မှ ရွာများ နှင့် နေအိမ်များအတွင်း လက်နက်ကြီးများ၊ စနိုက်ဘာများဖြင့် အကြမ်းဖက်ပစ်ခတ်မှုများကြောင့်နှင့် ဆန္ဒပြပွဲများတွင် ဖြိုခွင်းခံရ၍ သေဆုံးမှုများရှိသကဲ့သို့ အချို့မှာ အချုပ်ထဲ၊ အကျဉ်းထောင်ထဲတွင် လုံလောက်သော ဆေးကုသမှု မရရှိသဖြင့် သေဆုံးမှုများ ရှိခဲ့သည်။ သေဆုံးသူအမျိုးသမီးများထဲမှ ဒေါ်ခင်မာရီ(ခ) ဖွားချို ဆိုသူ အမျိုးသမီးသည် ၅၀၅(ခ) ဖြင့် မင်းကင်းရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် ဆီးချိုရောဂါရှိ၍ ဆေးကုသခွင့်တောင်းခံသော်လည်း မရသဖြင့် မင်းကင်းရဲစခန်းအချုပ်တွင် ဆီးချိုတက်ကာ သေဆုံးခဲ့ရသည်။[1] ထို့အပြင် မမိုးသူ (ခ) မမိုးသူဇာထွေးဆိုသူမှာလည်း အင်းစိန်ထောင်တွင် အကျဉ်းချခံထားရစဉ် ကိုးဗစ်ကူးစက်ခံရသော်လည်း ဆေးကုသခွင့်မရသဖြင့် ဇူလိုင်လ (၂၂)ရက်နေ့တွင် ကျဆုံးခဲ့ရသည်။[2]

---

[1] Khit Thit Media, July 22

[2] Burma News Network, July 24

အကြမ်းဖက် စစ်ကောင်စီ၏ သတ်ဖြတ်မှုများတွင် အလွန်အကျည်းတန်သော လုပ်ရပ်မှာ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် နွံလန်းကျေးရွာမှ အသက် (၅၁) အရွယ် အမျိုးသမီးတစ်ဦးအား စစ်သား (၃) ဦးမှ မုဒိန်းကျင့် သတ်ဖြတ်ခဲ့သော်လည်း[3] စစ်ကောင်စီ၏ မြန်မာ့အလင်း သတင်းစာတွင် စကားများရန်ဖြစ်၍ ဒေါသထွက်ကာ သတ်မိခဲ့ခြင်းသာဖြစ်ကြောင်း ဖော်ပြထားပြီး တပ်မ ၈၈ နှင့် ခမရ ၆၁၆ တို့သည် ကျပ် ၂၁ သိန်းဖြင့် သေဆုံးသူ မိသားစုထံ လာရောက်တောင်းပန်ကြောင်း သိရသည်။[4]



စစ်တပ်အာဏာသိမ်းကာလတွင်း ကိုးဗစ်ရောဂါ မပျံ့နှံ့အောင် ကာကွယ်ခြင်း မပြုဘဲ ကျောင်းများ၊ ဆေးရုံများနှင့် အများပြည်သူပိုင်နေရာများအား အတင်းအဓမ္မ ပြန်လည်ဖွင့်လှစ်ခြင်းကြောင့် ကူးစက်မြန်ကိုဗစ်မျိုးသစ် တတိယလှိုင်း မြန်မာပြည်တွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လျက်ရှိပြီး နေ့စဉ် လူဦးရေ ထောင်ချီနေဆုံးနေကြရသည်။ လက်ရှိကူးစက်မြန်ကိုဗစ်ရောဂါကြောင့် ကိုယ်ဝန်သည် အမျိုးသမီးများအနေဖြင့် ဆေးရုံးများတွင် မီးဖွားရန် အခက်အခဲများ ရှိနေသည်။[5] ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁) ရပ်ကွက်၊ ထွန်းသစ္စာလမ်း၌ နေထိုင်သည့် အသက် (၄၀) နှစ်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီးသည် ကလေးမွေးဖွားရန် အခက်အခဲ ဖြစ်ပေါ်မှုကြောင့် ဆေးရုံသို့ သွားရောက်ရာတွင် ဆေးရုံမှ လက်မခံ၍ နေအိမ်သို့ ပြန်လာပြီးနောက် မီးမဖွားနိုင်၍ မိခင်နှင့်အတူ ကလေးငယ်ပါ သေဆုံးခဲ့ရသည်။[6] ထို့ပြင် ဇူလိုင် (၂၆) ရက်နေ့တွင် ထန်းတပင် မြို့နယ် ရခိုင်ရိုးလေး ကျေးရွာမှ ကိုယ်ဝန် (၇) လ အမျိုးသမီးတစ်ဦး ကိုဗစ်ရောဂါဖြင့် သေဆုံးခဲ့ရသည်။ တိုင်းပြည်တွင်း ဖြစ်ပွားနေသည့် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသာမ က စစ်ဘေးရှောင် ကလေးသူငယ် တစ်သန်းနီးပါးမှာလည်း ကာကွယ်ဆေးထိုးနှံခွင့်များ ဆုံးရှုံးနေရသည်။[7]

လက်တလောတွင် နိုင်ငံတဝန်း ကိုဗစ်ရောဂါ ဆိုးရွားစွာ ကူးစက်နေပြီး စစ်ကောင်စီ၏ မတရားဖမ်းဆီးခြင်းများ ရှိနေသော်လည်း အမျိုးသမီးများသည် စစ်အာဏာရှင် ဆန့်ကျင်မှုများကို အရှိန်အဟုန် ကောင်းကောင်းနှင့် တိုက်ပွဲဝင်နေဆဲဖြစ်သည်။ ဇူလိုင်လ (၁၀) ရက်နေ့တွင် မန္တလေးမြို့နေအမျိုးသမီးများ ဦးဆောင်သော "အမျိုးသမီးတွေ မပါရင် ဒီတိုက်ပွဲမအောင်နိုင်ပါဘူး" ဆိုသည့် ခေါင်းစဉ်ဖြင့် သပိတ်စစ်ကြောင်း ချီတက်စတင်ကာ[8] "၂၁ရာစု ပန်ထွာဘုရင်မများ စစ်ကြောင်း"၊ "ရာစုသစ်မှာ အောင်ပွဲခွံမယ့် အမျိုးသမီးများ"၊ "ပုခက်လွှဲတဲ့ ငါတို့လက် အာဏာရှင်ကို အမြစ်ဖြုတ်"၊ "ပုခက်လွှဲသော လက်တွေဟာ ကမ္ဘာကို အုပ်စိုးနိုင်တယ်" နှင့် အကြမ်းဖက် စစ်ကောင်စီ ဖြုတ်ချရေး ၁၅၉ ရက်မြောက်အဖြစ် လှုပ်ရှားမှုနှင့် "ငါတို့ ထမီ၊ ငါတို့



[3] The 74 Media, July 15

[4] The 74Media, July 21

[5] Burma Human Rights Network, July 25

[6] Burma Human Rights Network, July 25

[7] RFA, July 9

[8] BBC Burmese, July 10

အလံ၊ ငါတို့ အောင်ပွဲ" စသည့်ဖြင့် အမျိုးသမီးလူထုသပိတ်များ ချီတက်ဆင်နွှဲခဲ့သည်။[9] သပိတ်လှုပ်ရှားမှုများတွင် ဇူလိုင် (၂၇) ရက်နေ့တွင် မန္တလေး မဟာမုနိဘုရားကြီး အရှေ့ဘက်မုခ်အနီးတွင် သပိတ်ဖြိုခွင်းခံရ၍ အသက် (၂၅) နှစ်အရွယ် မသူသူဇင် ခေါင်းကျည်ထိမှန်၍ ကျဆုံးခဲ့ရသည်။[10]

ထိုမျှသာမက ထောင်တွင်းတွင်လည်း အမျိုးသမီးများဦးဆောင်၍ ဆန္ဒထုတ်ဖော်မှုများလည်း ရှိခဲ့သည်။ ဇူလိုင် (၂၃) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အင်းစိန်ထောင်တွင်း ဆန္ဒပြမှုမှာလည်း အမျိုးသမီးဆောင်မှ စတင်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။[11] ထောင်တွင်းဆန္ဒပြမှု ဖြစ်ပွားရခြင်းမှာ အမျိုးသမီးဆောင်တွင် ကိုဗစ်ကူးဆက်မှုများ ရှိနေသော်လည်း လုံလောက်သော ဆေးကုသမှု၊ ကာကွယ်တားဆီးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အာဏာပိုင်များက လစ်လျူရှုထားခြင်းကြောင့်ဟု သိရှိရသည်။ ထိုသို့ ထောင်တွင်းဆန္ဒပြမှုအားဦးဆောင်သူ အကျဉ်းသား (၂၀) ခန့် တိုက်ပိတ်ခံထားရကြောင်း ဇူလိုင်လ (၂၄) ထုတ် RFA သတင်းမှ သိရှိရသည်။

စစ်အာဏာရှင်ဆန့်ကျင်မှုများကို ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော် တိုက်ပွဲဝင်ခြင်းများသာမက လက်နက်ကိုင်တိုက်ပွဲဝင်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အပါအဝင် ပြည်သူ့ကာကွယ်တပ်များ၏ ခုခံတိုက်ပွဲများလည်း အချို့ဒေသများတွင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ တိုက်ပွဲများကြောင့် ကယားပြည်နယ်တွင် စစ်ရှောင် (၃၄၄၁) ဦးအနက် ခန့်မှန်း အမျိုးသမီး (၁၆၆၀) ဦးကျော် ရှိပြီး၊ ရခိုင်ပြည်နယ်၊ သျှမ်းမြောက်၊ ကျောက်မဲခရိုင် မိုင်းငေါ့မြို့ စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုမြို့ မင်းတပ်မြို့နယ်ရှိ စစ်ရှောင်စခန်းများတွင်လည်း အမျိုးသမီးဦးရေ ခန့်မှန်း (၃၀၀၀) ကျော် ရှိနိုင်သည်။[12] ထိုစစ်ရှောင် အများစုတွင် အရေပြားရောဂါခံစားနေရသည့်အပြင် ခြေလက်အဆစ်ကိုက်၊ ဝမ်းလျှောဝမ်းပျက်၊ ဝက်သက် စသည့် ရောဂါများ ခံစားနေရကြောင်းနှင့် အမျိုးသမီးစစ်ရှောင်များအတွက် ဓမ္မတာပစ္စည်းများလည်း လိုအပ်သည်ဟု သိရှိရသည်။ ထို့ပြင် Development Media Group ၏ သတင်းအရ လွန်ခဲ့သော နှစ်လအတွင်း ဘူးသီးတောင်၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်စသည့် စစ်ဘေးရှောင်စခန်းသုံးခုတွင် မုဒိမ်းမှုများ ဖြစ်ပွားခဲ့ပြီး ထိုမုဒိန်းမှုများထဲမှ ကျောက်တော်မြို့နယ်တွင် ဖြစ်ပွားခဲ့သော အမှုမှာ သက်ငယ်မုဒိမ်းမှုဖြစ်ပြီး ပြုကျင့်ခံရသူ အမျိုးသမီးငယ်သည် ဉာဏ်ရည် မသန်စွမ်းသူလည်း ဖြစ်ကြောင်း သိရှိရသည်။

အနှစ်ချုပ်အားဖြင့် ဆိုရသော် စစ်တပ်အာဏာသိမ်းလိုက်ချိန်မှ စတင်၍ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု လုံးဝမရှိတော့သည်မှာ နေ့စဉ်သတင်းများနှင့် ကိုယ်တွေ့ဖြစ်ရပ်များမှ သိရှိနိုင်ပြီး နေ့စဉ် ကိုဗစ်ကူးစက်မှုများကြောင့် အမျိုးသမီးများ ရင်ဆိုင်နေရသည့် အခက်အခဲစိန်ခေါ်မှုများ တိုးပွားလာနေကြရသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများမှာ မီးဖွားရန် ဆေးရုံများတွင် ကုသမှုခံယူခွင့် မရှိသဖြင့် အသက်ဆုံးရှုံးမှုများရှိနေပြီး ကိုးဗစ်ကူးစက်ခံရသော ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ အသက်အန္တရာယ် အလွန်စိုးရိမ်ရသော အခြေအနေများနှင့် အသက်ဆုံးရှုံးမှုများလည်း ရှိနေသည်။ ထို့နည်းတူ  အမျိုးသမီးစစ်ရှောင်များမှာလည်း အခက် အခဲများနှင့် ရင်ဆိုင်နေကြရသည်။ စစ်ရှောင်စခန်းတွင်း မုဒိန်းမှုများ များပြားလာခြင်းကြောင့်

---

[9] BBC Burmese, July 14, The Irrawaddy-Burmese, July 15, BBC Burmese, July 10

[10] Delta News Agency, July 27

[11] HI, July 23

[12] KnIC, July 20, Development Media Group, July 9, Shan News Burmese, July 16 & 19, Kachin Waves, July 19, Chin World, July 21, The 74Media, July 26

စစ်ရှောင်အမျိုး သမီးများသည် လုံခြုံမှု ကင်းမဲ့လျက်ရှိသည်။ ထို့အပြင် အမျိုးသမီးများမှာ စစ်ကောင်စီဝင်များ၏ မတရားဖမ်းဆီး သတ်ဖြတ်မှုများ ခံနေကြရပြီး ပစ်မှတ်ထား ဓားစာခံအဖြစ် ဖမ်းဆီး ထိန်းသိမ်းခံနေကြရသည်။ သို့ သော် ထောင်တွင်းတွင် ဖြစ်စေ အချုပ်ခန်းများတွင် ဖြစ်စေ လုံလောက်သော ဆေးကုသမှု မရရှိ သောကြောင့် အသက်ဆုံးရှုံးသွားရသော အမျိုးသမီးများလည်း ရှိနေသည်။ သို့သော်လည်း ပြည်သူများ အနေဖြင့် သေဆုံး မှုများနှင့် ပတ်သက်၍ စစ်ကောင်စီထံမှ ရှင်းလင်းတိကျသော သတင်းမှန် ရရှိမှု ဆုံးရှုံးနေကြရသည်။

အထက်ဖော်ပြပါအချက်အလက်များနှင့် အကြောင်းအရာများသည် မြန်မာ့အမျိုးသမီးများ သမ္မဂ (BWU)မှ ရရှိသော အချက်အလက်များပေါ်တွင်သာ အခြေခံသည်ဖြစ်၍ တကယ့်မြေပြင်တွင် ပြည်သူလူထု သေဆုံးမှုနှုန်း နှင့် ထိခိုက်နစ်နာမှုနှုန်းသည် ပို၍ များပြားနိုင်သည်ကို BWU အနေဖြင့် ယုံကြည်လက်ခံသည်။